ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

# ၂၀၁၅ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ( ၂၀၁၅ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၆ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆုတ် ၇ ရက်

( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

ကချင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ကချင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

အပိုင်း ၂

### ပြည်နယ်အစိုးရအဖွဲ့၊
### ပြည်နယ်လွှတ်တော်၊
### ပြည်နယ်တရားလွှတ်တော်၊
### ပြည်နယ်ဥပဒေချုပ်၊
### ပြည်နယ်စာရင်းစစ်ချုပ်၊
### ပြည်နယ်ဝန်ကြီးဌာနများ၊
### ပြည်နယ်အဆင့်ဦးစီးဌာနများ။

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ၊ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရန် ကောက်ခံရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ (က) ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၁)၊ (၂)၊ (၃)၊ နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများကို လွှဲပြောင်းနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၇။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့်(၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၅)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၆)တွင် ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း စိစစ်သုံးသပ်

၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၄

## စည်ပင်သာယာရေးအဖွဲ့များ

၉။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၀။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇) နှင့် (၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၁၁။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅-၂၀၁၆

ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၅ – ၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) စည်ပင်သာယာရေးအဖွဲ့များသည် စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရငွေထက်ပိုသော အသုံးစရိတ်များအတွက် လိုအပ်သည့်ငွေကို ထောက်ပံ့ငွေအဖြစ် ဤဥပဒေအရ လျာထားသော လျာထားချက်ဘောင်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၁၂။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

# ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၉. ၅၁၂ | | ၉. ၀၀၀ | | | ၅၄၈၀. ၀၀၀ | | | | ၅၅၁၈. ၅၁၂ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၂. ၀၀၀ | | | | | | | ၂၂. ၀၀၀ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၂၀၀ | | | | | | | ၀. ၂၀၀ |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၃၂ | | | | | | | ၀. ၁၃၂ |
| | ပေါင်း | | ၂၉. ၅၁၂ | | ၃၁. ၃၃၂ | | | ၅၄၈၀. ၀၀၀ | | | | ၅၅၄၀. ၈၄၄ |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၈၃၄.၈၄၀ | | ၁၉၈၀.၀၀၀ | ၇၄၄၄.၂၆၁ | | | | ၁၅၂၅၉.၁၀၁ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၅၉.၀၉၂ | | | ၄၁၄၈.၈၅၆ | | | | ၅၀၀၇.၉၄၈ |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၇.၄၀၁ | | | | | | | ၈၇.၄၀၁ |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၃၉၇.၀၆၇ | | | ၂၀၆.၉၀၀ | | | | ၆၀၃.၉၆၇ |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၈၃၅.၆၄၄ | | | ၂၄၉.၇၅၄ | | | | ၁၀၈၅.၃၉၈ |
| | ပေါင်း | | ၈၀၁၄.၀၄၄ | | ၁၉၈၀.၀၀၀ | ၁၂၀၄၉.၇၇၁ | | | | ၂၂၀၄၃.၈၁၅ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုပေါ်တွင်ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၃၃. ၅၁၉ | | | | | | | | | ၃၃၃. ၅၁၉ |
| | ၁ | ယစ်မျိုးခွန် | | ၃၃၃. ၅၁၉ | | | | | | | | | ၃၃၃. ၅၁၉ |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၄င်း | ၂၈၈. ၁၄၅ | | | | | | | | | ၂၈၈. ၁၄၅ |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့် အခွန် | | ၄. ၅၈၄ | | | | | | | | | ၄. ၅၈၄ |
| | ၂ | ရေနှင့်တာတမံခွန် | | | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၂၈. ၆၆၇ | | | | | | | | | ၁၂၈. ၆၆၇ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၆. ၁၃၀ | | | | | | | | | ၆. ၁၃၀ |
| | ၅ | အင်းအိုင်ခွန် | | ၁၄၈. ၇၆၄ | | | | | | | | | ၁၄၈. ၇၆၄ |
| ၃ | | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | ၄င်း | | | | | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု တောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၄ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၅. ၂၅၁ | | | | | | | ၅. ၂၅၁ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄. ၇၁၈ | | | | | | | ၄. ၇၁၈ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၃၃ | | | | | | | ၀. ၀၃၃ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀. ၅၀၀ | | | | | | | ၀. ၅၀၀ |
| ၅ | | သမဝါယမ | ၎င်း | | | ၂. ၉၇၉ | | | | | | | ၂. ၉၇၉ |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁. ၂၉၉ | | | | | | | ၁. ၂၉၉ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၁. ၁၀၀ | | | | | | | ၁. ၁၀၀ |
| | ၃ | ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း | | | | ၀. ၅၈၀ | | | | | | | ၀. ၅၈၀ |
| ၆ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၂၉. ၁၃၆ | | | | | | | ၂၉. ၁၃၆ |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁. ၃၈၀ | | | | | | | ၁. ၃၈၀ |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၂၇. ၇၅၆ | | | | | | | ၂၇. ၇၅၆ |
| ၇ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | ၆. ၇၅၀ | | | | | | | ၆. ၇၅၀ |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၄. ၆၅၀ | | | | | | | ၄. ၆၅၀ |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂. ၁၀၀ | | | | | | | ၂. ၁၀၀ |
| ၈ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | ၁၁. ၁၀၀ | | | | | | | ၁၁. ၁၀၀ |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၁. ၁၀၀ | | | | | | | ၁၁. ၁၀၀ |
| ၉ | | အားကစား | ၎င်း | | | ၄၀. ၃၃၂ | | | | | | | ၄၀. ၃၃၂ |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၄၀. ၃၃၂ | | | | | | | ၄၀. ၃၃၂ |
| ၁၀ | | ဘဏ္ဍာရေး | ၎င်း | | | ၀. ၀၃၀ | | | ၁၄၆၇၆၃. ၂၈၉ | | | | ၁၄၆၇၆၃. ၃၁၉ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၀၃၀ | | | ၁၄၆၇၆၃. ၂၈၉ | | | | ၁၄၆၇၆၃. ၃၁၉ |
| ၁၁ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀. ၀၂၁ | | | | | | | ၀. ၀၂၁ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၂၁ | | | | | | | ၀. ၀၂၁ |
| ၁၂ | | ဆောက်လုပ်ရေး | ၎င်း | | | ၁၅. ၅၃၆ | | | | | | | ၁၅. ၅၃၆ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၄. ၄၃၆ | | | | | | | ၁၄. ၄၃၆ |
| | ၂ | လမ်းဦးစီးဌာန | | | | ၁. ၁၀၀ | | | | | | | ၁. ၁၀၀ |
| | | ပေါင်း | | ၆၂၁. ၆၆၄ | | ၁၁၁. ၁၃၅ | | | ၁၄၆၇၆၃. ၂၈၉ | | | | ၁၄၇၄၉၆. ၀၈၈ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၆၄၃၂.၇၂၉ | | ၂၀.၀၀၀ | ၈၁၈.၅၈၆ | | | | ၇၂၇၁.၃၁၅ |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၄၄၇.၀၆၃ | | ၂၀.၀၀၀ | ၄၂၄.၁၅၆ | | | | ၅၈၉၁.၂၁၉ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၀၅.၁၆၉ | | | ၁၅.၀၀၀ | | | | ၂၂၀.၁၆၉ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၇၈၀.၄၉၇ | | | ၃၇၉.၄၃၀ | | | | ၁၁၅၉.၉၂၇ |
| ၂ | | သမဝါယမ | ၎င်း | ၅၅၈.၃၈၀ | | | ၅၄.၉၄၁ | | | | ၆၁၃.၃၂၁ |
| | ၁ | သမဝါယမဦးစီးဌာန | | ၄၈၈.၉၆၀ | | | ၂၇.၂၈၅ | | | | ၅၁၆.၂၄၅ |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃၆.၉၄၂ | | | ၂၀.၈၆၆ | | | | ၅၈.၈၀၈ |
| | ၃ | ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း | | ၃၂.၄၇၈ | | | ၅.၇၉၀ | | | | ၃၈.၂၆၈ |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၁၃၂၆.၅၉၈ | | | ၄၁၃.၄၆၉ | | | | ၁၇၄၀.၀၆၇ |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၉၇.၆၈၈ | | | ၁၂၅.၂၂၉ | | | | ၂၂၂.၉၁၇ |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၁၁၄.၁၉၄ | | | ၁၀၉.၂၄၀ | | | | ၁၂၂၃.၄၃၄ |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၁၄.၇၁၆ | | | ၁၇၉.၀၀၀ | | | | ၂၉၃.၇၁၆ |
| ၄ | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၆၇၆.၈၄၅ | | | ၁၃၁.၄၀၈ | | | | ၈၀၈.၂၅၃ |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၈၀.၇၁၃ | | | ၈၂.၃၇၀ | | | | ၃၆၃.၀၈၃ |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၃၉၆.၁၃၂ | | | ၄၉.၀၃၈ | | | | ၄၄၅.၁၇၀ |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၉၄၄.၅၉၃ | | | ၈၆.၃၄၄ | | | | ၁၀၃၀.၈၇၇ |
| | ၁ | သစ်တောဦးစီးဌာန | | ၈၇၇.၃၂၆ | | | ၆၈.၅၆၄ | | | | ၉၄၅.၈၉၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၆၇.၁၆၇ | | | ၁၇.၇၈၀ | | | | ၈၄.၉၈၇ |
| ၆ | | အားကစား | ၎င်း | ၃၄၅.၆၅၀ | | | ၁၅၀.၇၂၀ | | | | ၄၉၆.၃၇၀ |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၃၄၅.၆၅၀ | | | ၁၅၀.၇၂၀ | | | | ၄၉၆.၃၇၀ |
| ၇ | | ဘဏ္ဍာရေး | ၎င်း | ၁၁၇.၀၇၁ | | | ၉၅.၀၇၁ | | | | ၂၁၂.၁၄၂ |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၁၇.၀၇၁ | | | ၉၅.၀၇၁ | | | | ၂၁၂.၁၄၂ |
| ၈ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄၁၁.၄၈၃ | | | ၇၁.၅၈၅ | | | | ၄၈၃.၀၆၈ |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄၁၁.၄၈၃ | | | ၇၁.၅၈၅ | | | | ၄၈၃.၀၆၈ |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၄၆၁၃၆.၇၅၁ | | | ၄၅၄၆၃.၃၀၀ | | | | ၉၁၆၀၀.၀၅၁ |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၅၅.၃၉၇ | | | ၇၂၉.၀၅၀ | | | | ၉၈၄.၄၄၇ |
| | ၂ | လမ်းဦးစီးဌာန | | ၄၅၈၈၁.၃၅၄ | | | ၄၄၇၃၄.၂၆၀ | | | | ၉၀၆၁၅.၆၀၄ |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | ၁၂.၁၈၃ | | | | | | | ၁၂.၁၈၃ |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၂.၁၈၃ | | | | | | | ၁၂.၁၈၃ |
| | | ပေါင်း | | ၅၆၉၆၂.၁၇၄ | | ၂၀.၀၀၀ | ၄၇၂၈၅.၄၃၄ | | | | ၁၀၄၂၆၇.၆၀၈ |

# ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | လျှပ်စစ်စွမ်းအား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | | |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | | | | | | | |
| ၂ | | သတ္တုတွင်း | ၄င်း | | | ၁၂. ၁၂၀ | | | | | | | ၁၂. ၁၂၀ |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၁၂. ၁၂၀ | | | | | | | ၁၂. ၁၂၀ |
| | | ပေါင်း | | | | ၁၂. ၁၂၀ | | | | | | | ၁၂. ၁၂၀ |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | လျှပ်စစ်စွမ်းအား | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၂၆၀၄၄.၂၂၀ | | | | ၂၆၀၄၄.၂၂၀ |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၂၆၀၄၄.၂၂၀ | | | | ၂၆၀၄၄.၂၂၀ |
| ၂ | | သတ္တုတွင်း | ၄င်း | ၆၉.၇၂၈ | | | ၁.၆၀၀ | | | | ၇၁.၃၂၈ |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၆၉.၇၂၈ | | | ၁.၆၀၀ | | | | ၇၁.၃၂၈ |
| | | ပေါင်း | | ၆၉.၇၂၈ | | | ၂၆၀၄၅.၈၂၀ | | | | ၂၆၁၁၅.၅၄၈ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၇)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်း များတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၇၈. ၈၇၈ | | ၆၉၃၆. ၀၂၆ | | | | | | | ၇၆၁၄. ၉၀၄ |
| | ပေါင်း | | ၆၇၈. ၈၇၈ | | ၆၉၃၆. ၀၂၆ | | | | | | | ၇၆၁၄. ၉၀၄ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား(ဂ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁။ | စည်ပင်သာယာရေးအဖွဲ့များ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၅၄၉.၉၂၉ | | | ၄၅၈၇.၀၅၆ | | | | ၈၁၃၆.၉၈၅ |
| | ပေါင်း | | ၃၅၄၉.၉၂၉ | | | ၄၅၈၇.၀၅၆ | | | | ၈၁၃၆.၉၈၅ |